၂၀၁၇-၂၀၁၈ အထိသာ



EAST-WEST SEED

# ပျိုးပင်လေးများ ထုတ်လုပ်ခြင်း နည်းပညာလမ်းညွှန်

## • ပျိုးခွက်များ ပြုလုပ်ခြင်း



MYANMAR





ငှက်ပျောရွက်၊ သရက်ရွက်ကို အသုံးပြုခြင်း





ပျိုးဘန်း (သို့ ) ပလပ်စတစ်အိတ် အသုံးပြုခြင်း

# • ပျိုးဘန်း (သို့ ) ပျိုးခွက်များအတွက် ပျိုးမြေပြင်ခြင်း



မြေကြီး ဆန်ကာချပါ။






ရောမွှေပြီးနောက် စိုထိုင်းအောင်ပြုလုပ်ပါ။



ပျိုးမြေအစိုဓာတ် စစ်ဆေးရန်လက်ဖြင့်ဆုပ်ကိုင်ကြည့်ပါ။

## အပူဖြင့် ပိုးသတ်ခြင်း



» အဆက်မပြတ် မွှေပေးပါ။
» ခြောက်သွေ့ မသွားစေရ။
» ထွက်လာသောရေနွေးငွေ့ သည် ရောဂါဖြစ်စေ သက်ရှိများကိုလျှော့နည်းစေသည်။
» ဓာတုဓာတ်ပြောင်းလဲမှုများ ဖြစ်ပေါ်နိုင်သဖြင့် ခြောက်သွေ့ အောင်အပူပေးခြင်း ရှောင်ကြဉ်ပါ။

## နေရောင်ခြည်ဖြင့် ပိုးသတ်ခြင်း


(သို့ မဟုတ်)



ပျိုးမြေကိုအနက်ရောင်ပလပ်စတစ်အိတ်ထဲသို့ ထည့်၍ ပူပြင်းသောနေရောင်အောက်တွင် အနည်းဆုံး (၄) နာရီထားပေးပါ။

# • မျိုးစေ့ချခြင်းနှင့် ပျိုးပင်လေးများ သန့်စွမ်းအောင်ပြုလုပ်ခြင်း

ပျိုးဘန်း (သို့ ) ပျိုးခွက်များတွင် ပျိုးမြေထည့်ပါ။



မျိုးစေ့စိုက်ရမည့်အနက် = မျိုးစေ့နှစ်စေ့၏ အရွယ်အစား






တစ်ကျင်း တစ်စေ့ထည့်ပါ။

အရည်အသွေးကောင်းမွန်သော မျိုးစေ့ကိုအသုံးပြုပါက တိုက်ရိုက်စိုက်ပျိုးနိုင်သည်။

**ရေမစိမ်ရ။** အေးသောရာသီဥတုတွင် အညှောင့်ဖောက်၍ စိုက်ပျိုးခြင်းဖြင့် အထောက်အကူဖြစ်စေသည်။







စုပ်စားပိုးများနှင့် ဗိုင်းရပ်စ်ရောဂါမှကာကွယ်ရန် ပျိုးဘန်းများကို သင့်တင့်သောဆန်ကာပိုက်ဖြင့် ဖုံးအုပ်ပေးပါ။

နေ့ စဉ်အစိုဓာတ်ကောင်းစွာထိန်းသိမ်းပါ။




အပင်မညှိုးပါစေနှင့်။



လိုအပ်ပါက အပင်ပေါက်ပြီး ၁၀ ရက်မှစ၍ ကယ်လ်စီယမ်နိုက်ထရိတ် (သို့ ) ၁၅ ပတ်လည် ၁ ဇွန်းမှ ၁ ဇွန်းခွဲကို ရေ ၁၀ လီတာထဲသို့ ထည့်၍ ပျိုးပင်များကို ဖျန်းပါ။

ဖျန်းပြီးနောက် အရွက်များကိုရေပြန်ဆေးပါ။

## • ပျိုးပင်လေးများအကြမ်းခံလာစေရန် ပြုလုပ်ခြင်းနှင့် ရွှေ့ စိုက်ခြင်း



ရွှေ့ မစိုက်မီ ၂-၃ ရက်အလိုတွင် ပျိုးပင်လေးများအကြမ်းခံလာစေရန် ရေလျှော့ ပေးခြင်း၊ နေရောင်နှင့်ပိုမိုထိတွေ့ခြင်းများ ပြုလုပ်ပေးပါ။



စိုက်ခင်းသို့ သယ်ဆောင်ရန်လွယ်ကူခြင်း။



မွန်းလွဲပိုင်း၌ ရွှေ့ စိုက်ရာတွင် ပျိုးပင်ရှိမြေလုံးများ စိုလွန်းခြင်း (သို့ ) စေးကပ်ခြင်းမဖြစ်စေရန် မနက်ခင်းတွင် ရေလျှော့ လောင်းပေးပါ။



စိုက်ပျိုးရာတွင် တိမ်လွန်းခြင်း (သို့ ) နက်လွန်းခြင်း မဖြစ်စေရ။ ရွှေ့ စိုက်ပြီးပါက ရေချက်ခြင်း လောင်းပေးပါ။



အမြစ်ကောင်းစွာဖွံ့ဖြိုးပြီး ကျန်းမာသန်စွမ်းသော ပျိုးပင်များ

### ကောင်းမွန်သောနည်းလမ်းဖြင့် ပျိုးပင်များ ထုတ်လုပ်ခြင်း၏အကျိုးကျေးဇူးမှာ

» သန်စွမ်းပြီးအပင်ပေါက်ညီကာ ရွှေ့ စိုက်ပြီးနောက် အလွယ်တကူရှင်သန်နိုင်ခြင်း
» ကိုင်တွယ်လုပ်ကိုင်ရ လွယ်ကူခြင်း
» မြေဆောင်ရောဂါ ကင်းစင်ခြင်း
» နောက်တစ်ကြိမ် ပြန်လည်ဆေးကြောအသုံးပြုနိုင်ခြင်း
» ပျိုးပင်များကို ပျိုးစင်တွင်ထားရှိပြီး ဆန်ကာပိုက်ဖြင့်ဖုံးအုပ်စိုက်ပျိုးပါက နေဒဏ်၊ မိုးဒဏ် နှင့် ဗိုင်းရပ်စ်ရောဂါ သယ်ဆောင်သောစုပ်စားပိုးများဖျက်စီးမှုကို ကာကွယ်တားဆီးပေးပါသည်။

***http://guides.eastwestseed.com***
EWSF မှထွက်ရှိသော စိုက်ပျိုးနည်းလမ်းညွှန်များမှ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။@East West Seed Foundation ၏ ၂၀၁၈ မူပိုင်ခွင့်။
နည်းပညာဆိုင်ရာထောက်ခံချက်များနှင့်ပက်သက်၍ Wageningen University & Research နှင့်အတူ ပူးပေါင်းဆောင်ရွက်သည်။